

စိုးမိုး စာပေ

(လုံးချင်းဝတ္ထုသစ်)

# ရှင်မြတ်နိုး

တိတ်တာသိတ်သာ

L လင်း

အများ အမြင်မှာ တော့ ...

ကျွန်မက သိပ်ကံကောင်းတဲ့ မိန်းကလေးတဲ့ ။

ဟုတ်တယ်။

ကျွန်မကိုယ်တိုင်လည်း အဲဒီလိုပဲ ထင်ခဲ့မိတယ်။

ဒါပေမဲ့ ...

ကျွန်မတွေးထင်ခဲ့တာတွေဟာ အလကားပဲဆိုတာ နောက်မှ ပဲ သိခွင့်ရခဲ့တယ်လေ ...။

ဘယ်လောက်အံ့ဩဖို့ ကောင်းလဲ။

ဘယ်လောက်နာကျင်ဖို့ ကောင်းလိုက်သလဲ။

**(ချစ်လွန်းပို)**

***

ကျွန်မကို

လောကကြီးထဲမှာ ဘာကိုအလိုလား အတောင့်တဆုံးလဲလို့ မေးရင် မိခင်တစ်ယောက်ရဲ့ ချစ်ခြင်း မေတ္တာလို့ ဖြေချင်ပါတယ်။

ဘာဖြစ်လို့ လဲဆိုတော့ ...

ကျွန်မ ငယ်စဉ်ဘဝကတည်းက ဆုံးရှုံးခဲ့ရလို့ ပါ။

ကလေးငယ်လေးတစ်ယောက်ကို သူ့အမေက လက်ဆွဲသွားတာမြင်တိုင်း အလိုလိုအားကျစိတ်နဲ့ စီးကျခဲ့ရတဲ့ မျက်ရည်တွေက နည်းမှ မနည်းတော့တာ။ ဒါပေမဲ့ ကျွန်မ ဖြေသိမ့်နိုင်ပါတယ်။ ရောင့်ရဲတတ် တဲ့ စိတ်တွေကိုလည်း မွေးမြူထားတာပါပဲ။

ဒါပေမဲ့လေ ...

ကျွန်မကလည်း ပုထုဇဉ်လူသားပဲမဟုတ်လား။

တစ်ခါတလေတော့ ...

အတ္တလေးတွေ ရှိတာပေ့ါလေ။

**(သိမ်မွေ့ဟန်)**

***

အခန်း(၁)

"ညည်း ... ညည်း သူ့ကိုဘာလို့ ခေါ်လာရတာလဲ မိဝေ၊ ကျုပ် ... ကျုပ်ကို စိတ်ရှုပ်ထွေးရအောင် ညည်းလုပ်လိုက်တာလား၊ ဒီလောက် လိုလေသေးမရှိအောင် ထောက်ပံ့နေပါလျက်နဲ့ ဘာဖြစ်လို့ ကျုပ်ဆီ ခေါ်

လာခဲ့ရတာလဲ၊ လာချင်ရင်လည်း ညည်းတစ်ယောက်တည်းလာပါလား မိဝေ"

"ဟန့်ဆန္ဒပါ၊ ဟန် ... ဟန် အရမ်းသွားချင်တယ်ဆိုလို့ အန်တီဝေက လိုက်ပို့တာပါ၊ ဟန် တောင်းဆိုခဲ့လို့ ပါ"

"ဘာ ... ဘာရယ်"

ဒီတစ်ခါအံ့ဩရသူက ဒေါ်စိမ့်စမ်းပဲဖြစ်သည် ။

"ဟန် အားလုံးသိပြီးပါပြီ၊ အန်တီဝေပြောပြလို့ အကြောင်းအရာတွေ အကုန်လုံး သိပြီးပါပြီ၊ ဒေါ်စိမ့်စမ်းရေဟာ ဟန်ရဲ့ "

"မိဝေ ... ညည်း ... ညည်း"

"မမစိမ့်စမ်း ... မိဝေကိုခွင့်လွှတ်ပါ၊ ဟန် ... ဟန်က တစ်ချိန်လုံး အသနားခံပြီးမေးလွန်းလို့ မိဝေမခံစားနိုင်တော့ပဲ ပြောပြလိုက်မိတာပါ မမရယ်၊ မိဝေရဲ့ အပြစ်ပါ မမရယ်"

ဟာ ...။

ဒေါ်စိမ့်စမ်းတစ်ယောက် မျက်လုံးလေး မိုက်ခနဲ ပြာတက်ကာ ဆိုဖာနောက်ကျောမှီဆီ ကျောပြေး ကပ်သွားရပြီး ဟန် အားလုံးသိပြီးပြီဆိုတဲ့ စကားက ဒေါ်စိမ့်စမ်းကို ဘယ်လောက်ထိတောင် သွေးပျက် တုန်လှုပ်ချောက်ချားသွားအောင် ဖမ်းစားလိုက်တဲ့ စကားလဲလို့ ။

မသိစေချင်လို့ တားဆီးခဲ့တာပါ။ ဒီကနေ့ ဒီအချိန်အခါထိ လျှို့ဝှက်ချက်ကို ဖုံးကွယ်နိုင်ဖို့ ကြိုးစားခဲ့တာဟာ သိမ်မွေ့ဟန်ဆိုတဲ့ ကလေးမလေးရင်ထဲက အမုန်းတရားတွေကို မလိုလားနိုင်ခဲ့လို့ ပဲ ဖြစ်သည် ။

ငယ်ရွယ်သူမဟုတ်လား။

စိတ်ထဲမှာ ဒဏ်ရာတစ်ခုမဖြစ်စေချင်။

ခံစားနာကျင်သွားရမှာ ဒေါ်စိမ့်စမ်းရေ အကြောက်ဆုံးပဲဖြစ်သည် ။ မိဝေဆိုတဲ့ လူယုံလက်ထဲ အပ်ထားရပေမဲ့ တစ်ရက်ကလေးမှ စိတ်မချနိုင်ခဲ့တာ ဒီကနေ့ထိပါပဲ။

ခေါ်ထားချင်တာပေါ့။

အနားမှာ ပဲ နွေးနွေးထွေးထွေးနဲ့ ခေါ်ထားပြီး စောင့်ရှောက်ချင်တာပေါ့။

မတတ်နိုင်ခဲ့ပါ။

ဖြစ်ချင်နေတဲ့ ဆန္ဒတွေက အဝေးဆုံးဆီရောက်ခဲ့ရ၏။ လက်ရှိအနေအထားကိုသာ အကောင်းဆုံး ဖြစ်အောင် ထိန်းနေရသည် ။

"မေမေ"

အို။

ခေါ်သံက နွေးထွေးလှိုက်မြကာ ချိုအီနေသလောက် ငြိမ်းငြိမ်းချမ်းချမ်း မခံစားနိုင်လောက်အောင် ပင် ဖြစ်သွားရသည် ။ မျက်ဝန်းအစုံက ဘေးဘီဝဲယာ ချက်ချင်းဝေ့ဝဲသွားရ၏။

"ဟန် ... ဒီမှာ နေပါရစေ"

"မဖြစ်နိုင်ဘူး ဟန်၊ လုံးဝမဖြစ်နိုင်ဘူး၊ ဒါဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စပဲ၊ ပြန်ပါဟန်၊ မင်းအရင်နေ တဲ့ နေရာကိုပဲ ပြန်နေပါ၊ အခြေအနေတွေ အေးဆေးနေကာမှ ရှုပ်ထွေးအောင်မလုပ်စမ်းပါနဲ့ ဟန်"

မေမေရယ်။ ဟန်သိပါတယ်။

မေမေ့ကို ခွင့်တောင်းလိုက်တာနဲ့ အငြင်းပယ်ခံရလိမ့်မယ်ဆိုတာ ဟ

န်သိပါတယ်။ ဒါပေမဲ့ ဟန် ဟန် နောက်မဆုတ်ချင်တော့ဘူး မေမေ။ ဟ န်ကို အန်တီမိဝေက ဘာတစ်ခုမှ အသိမပေးဘဲ ထားတာပါ။ ဟန် ငယ်စ ဉ်ကလေးထဲက ဟန်ကျောင်းတက်ဖို့ ၊ ဟန်စားသောက်ဖို့ ၊ ဟန်ဝတ်ဖို့ အတွက် ငွေတွေထောက်ပံ့ နေတဲ့ သူဌေးမကြီး ဒေါ်စိမ့်စမ်းရေအကြော င်းကို စိတ်ဝင်စားလွန်းလို့ အန်တီဝေကို မေးနေခဲ့တာပါ။

သို့ပေမဲ့ နှုတ်လုံတဲ့ အန်တီဝေက လုံးဝမပြောခဲ့။

အန်တီဝေ ကျေးဇူးပြုထားတာရှိလို့ အခုလိုတစ်လှည့် ပြန်စောင့်ရှော က်ခြင်းခံရတာဟု ပဲ ခေါင်းထဲ ရိုက်သွင်းခဲ့သည် ။ အိမ်ကို အလာနည်း ပေမဲ့ ငွေကတော့ လစဉ်လတိုင်း မပျက်ခဲ့ဘူးချေ။ မှတ်မှတ်ရရ ဟန် အ ဖျားတွေတအားကြီးပြီး ဆေးရုံတင်ရတုန်းက ဒေါ်စိမ့်စမ်းရေ အပြေးတ စ်ပိုင်း လာကြည့်၏။

စိတ်ပူပင်မှုတွေနဲ့ စီးမျောနေတဲ့ အသွင်က ဟန့်နှလုံးအိမ်ကို တစ်ရှိန် ထိုး စီးဝင်လာခဲ့သည် ။ ဘာရယ်လို့ မပြောတတ်တဲ့ နှောင်တွယ်မှုက သူ မရင်မှာ ခိုင်မာမြဲမြံခဲ့၏။

ကျေးဇူးတွေတင်နေခဲ့တာပါ။

ဒေါ်စိမ့်စမ်းရေရဲ့ နွေးထွေးမှုတွေကို အသိတရားတွေထဲမှာ စွဲမြဲနေ အောင်ပဲ သိမ်းဆည်းထားခဲ့တာ ပါ။

ခုတော့ လျှို့ဝှက်ချက်ကို ဟန် သိခွင့်ရခဲ့ပါပြီ။

ဒေါ်စိမ့်စမ်းရေဟာ သိမ်မွေ့ဟန်ဆိုတဲ့ သူမရဲ့ မိခင်ဆိုတာကိုပေါ့။ င ယ်ရွယ်စဉ်က စိတ်ခံစားမှု နောက်ကိုလိုက်ပြီး မှားယွင်းခဲ့တဲ့ အမှားတစ် ခုကြောင့် သိမ်မွေ့ဟန်ဆိုတာ လူလောကထဲကို ရောက်ရှိလာ ခဲ့ရသည် ။

သို့ပေမဲ့ ဘဝက စည်းခြားလာတဲ့ အခြေအနေအရ ဟန့်ကို မစောင့်

ရောက်နိုင်ခဲ့။ မိမရှိဖမရှိ တစ်ကောင်ကြွက်ဘဝမှာ မနည်းကြိုးစားရုန်းကန်နေရတဲ့ ဒေါ်စိမ့်စမ်းရေအတွက် သင့်တော်တဲ့ အမျိုး ကောင်းသားတစ်ယောက်ရဲ့ လိုလားကြည်ဖြူသော စောင့်ရှောက်မှုအောက်တွင် ရှင်သန်ခဲ့ရသည် ။

ဒုက္ခတွေတပြုံတမကြီးနဲ့ ရင်ဆိုင်နေရချိန်မို့ အခွင့်အရေးကောင်းကို အမိအရ ဆုပ်ကိုင်ခဲ့ရတဲ့ အတွက် ဟန်ကို ရင်နာနာနှင့်ပဲ စွန့်ပစ်ထားခဲ့ရ၏။

အန်တီဝေက အပြစ်မတင်ပါနဲ့ တဲ့ ။

အနားမှာ မရှိနိုင်ပေမဲ့ တာဝန်ကျေတဲ့ မိခင်ပါတဲ့ လေ။

ဟန် ...

အခုဆို စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်ပင် ရောက်ချေပြီ။

အရွယ်ရောက်လာတာနှင့်အမျှ အသိစိတ်ကလေးကပါ တိုးလာတာမို့ အရာရာတိုင်းကို စဉ်းစား ကာ ဆင်ခြင်တတ်လာပါပြီ။

ဒါကြောင့် ဟန့်အနားမှာ အနီးကပ်မနေပေးနိုင်တဲ့ မေမေ့ကိုလည်း အပြစ်မတင်ချင်တော့။ အန်တီ ဝေပြောသလိုပါပဲ မေမေက ဟန်အတွက် တာဝန်သိပေးခဲ့တဲ့ မိခင်တစ်ယောက်ပါပဲလေ။ ဟန်အခုလို အေးအေးချမ်းချမ်းနဲ့ ပညာသင်ခွင့်ရပြီး လူတန်းစေ့ရပ်တည်နိုင်ခဲ့တာ မေမေ့ကြောင့်ပဲမဟုတ်ပါလား။

ဒါကြောင့်လည်း မေမေ့အပေါ် တစ်လှည့်ပြန်သိတတ်ဖို့ မေမေရှိတဲ့ နေရာလေးဆီရောက်အောင် ဇွတ်အတင်းပို့ပေးဖို့ တောင်းဆိုခဲ့တာပါ။ မေမေ့ကို ဒုက္ခပေးဖို့ ဟန် ရောက်လာခဲ့ခြင်းမဟုတ်ချေ။

ဒါကို မေမေက အကြောင်းမသိတော့ စိုးရိမ်ပူပန်မှုတွေနဲ့ ကြောက်

လန့်နေမှာ ပေါ့လေ။

"မေမေ"

"ဒေါ်စိမ့်စမ်းရေလို့ ပဲခေါ်ပါ ဟန်၊ အခုအချိန်မှာ ဟန်နဲ့ ဆက်နွယ်နေမှုကို ဘယ်သူ့ကိုမှ မရိပ်မိစေ ချင်ဘူး၊ ဒါဟာ အားလုံးကို ကောင်းစားစေချင်လို့ ပါ"

တီးတိုးတားမြစ်သံက ဟန့်နှလုံးသားကို နင့်သီးသွားစေသည် ။ ဘာကြောင့် အခုလိုကြီး ဟန် ခံစားရတာလဲ။ တကယ်ဆိုရင် ဒီနေရာကို ရောက်အောင် သွားမည်ဆိုကတည်းက ဟန့်ဘက်က အရာ အားလုံးကို အသင့်ပြင်ဆင်ထားခဲ့ပြီးသားပါ။

"အန်တီစိမ့်စမ်း"

ဟန်ရယ်။

ခွင့်လွှတ်ပါကွယ်။

မေမေဟာ အခုအချိန်မှာ ဘယ်လိုမှ လှုပ်မရ၊ ရုန်းမရတဲ့ အနေအထားမှာ ရှိနေတဲ့ သူတစ်ယောက် မို့ပါ။ ဒါကို ဟန် နားလည်ပေးပါနော်။

"ဟန့်ကို ဒီမှာ နေခွင့်ပြုဖို့ ဆိုတာ"

"ဟန်နားလည်ပါတယ်၊ အရမ်းခက်ခဲလိမ့်မယ်ဆိုတာ ဟန်သိပါတယ်၊ ဒါပေမဲ့ ဟန့်ခံစားချက်ကို နားလည်ပေးပါဦးနော်၊ ဟန် ဟန်လေ အဝေးကြီးမှာ တစ်ချိန်လုံးနေခဲ့ပြီးပါပြီ၊ သိမ်ငယ်မှုတွေ၊ ဝမ်းနည်း မှုတွေနဲ့ တစ်ဆယ့်ခုနစ်နှစ်တာကာလကို ဟန် ဖြတ်ကျော်လာခဲ့ပြီးပါပြီရှင်၊ ဒါကြောင့် ဟန့်ကို နားခိုခွင့် ပြုပါ၊ အနားမှာ ကပ်နေခွင့်မရရင်တောင် သွေးအရင်းအချာတစ်ယောက် အခိုင်အမာရှိနေပါလားဆိုတဲ့ အသိလေးနဲ့ ဒီပတ်ဝန်းကျင်လေးမှာ ရှင်သန်နေထိုင်ခွင့်ရမယ်ဆိုရင်ပဲ ကျေနပ်နှစ်

သိမ့်နိုင်ပါပြီ၊ ဟန့်ရဲ့ တောင်းဆိုမှုကို ခွင့်ပြုပေးပါနော်"

"ခက်တာပဲ ... ပြောရတာ အရမ်းခက်တာပဲဟန်၊ ဘယ်အရာကိုမဆို ပေါ့ပေါ့လေးလို့ မသတ်မှတ် သင့်ဘူး၊ ဖြစ်ချင်တဲ့ ဆန္ဒကိုချည်းပဲ ဦးစား ပေးရင် ဒုက္ခများ တတ်တယ်ဟန်၊ ပြန်ပါကွယ်၊ မိဝေရဲ့ စောင့် ရှောက်မှု အောက်မှာ ပဲ ဟန်ရဲ့ အနာဂတ်ကို ဖြတ်သန်းတာ အကောင်းဆုံးပါပဲ၊ ဟန် ပြန်လိုက်သွားပါ"

ဒေါ်စိမ့်စမ်းရေတစ်ယောက် လေပြည်လေးနဲ့ ချော့ကာ ပြန်လွှတ်နေ မိသည် ။

ခေါ်ထားချင်တာပေါ့။ မအေတစ်ယောက်ပဲဟာ။

ကိုယ့်ဝမ်းနဲ့ လွယ်ပြီး မွေးထားရတဲ့ သမီးကို မေတ္တာမရှိဘဲ နေပါ့မ လား။

သို့ပေမဲ့ အခြေအနေက မပေးပါ။ ဟန်ရှိနေတယ်ဆိုတာ ခင်ပွန်းသ ည် ဦးကိုကိုချစ် လုံးဝမသိချေ။

ကုမ္ပဏီမှာ အလုပ်လျှောက်တော့ အိမ်ထောင်ရှိလျှင် အလုပ်မရဘူး ဆို၍ အပျိုဟု ဖြည့်ကာ စိမ့်စမ်းရေ လျှောက်ခဲ့သည် ။ အလုပ်ရတော့ အ ဆောင်ပါနေထိုင်ခွင့် တစ်ပါတည်းရခဲ့၏။ ကလေးကို မိဝေ လက်ထဲအပ် ထားရပြီး လစာငွေကို မပြတ်တမ်းပို့ပေးခဲ့သည် ။

ကံကောင်းချင်တော့ ကုမ္ပဏီသူဌေး ဦးကိုကိုချစ်က စိမ့်စမ်းကိုတွေ့ တော့ အရူးအမူးပင် ချစ်မြတ်နိုး ခဲ့၏။ ဘယ်သူတားတား မရချေ။ မိဘ တွေနဲ့ အတိုက်အခံလုပ်ကာပင် လက်ထပ်ခဲ့သည် ။ စိမ့်စမ်းဟာ အပျို မ ဟုတ်ဘူး ။ ငယ်ငယ်တုန်းက ချစ်သူကောင်လေးနဲ့ ခိုးရာလိုက်ပြေးခဲ့ဖူး တယ်ဆိုတဲ့ သွေးထိုးစကား တွေကို ကြားတာပင် ခေါင်းမာမာနှင့် သူမ

ရှေ့မှာ ပဲ မားမားမတ်မတ်ရပ်တည်ခဲ့၏။

ထိုအချိန်က အသက်အရွယ်အားဖြင့် ငယ်နုသေးတဲ့ စိမ့်စမ်းရေ။ သမီးလေး သိမ်မွေ့ဟန်ရဲ့ အနာ ဂတ်ကို မျှော်မှန်းကာ သူဌေးဦးကိုကိုချစ်အား လက်ထပ်ခဲ့သည် ။ ယောက္ခမက မကြည်ပေ။ အမြဲတမ်း နှိမ်နှိမ်ချိုးချိုး ဆက်ဆံခဲ့၏။ စိမ့်စမ်းရေ သည်းခံပါသည် ။ ကိုယ့်ဘဝအေးချမ်းတဲ့ အမိုးအရိပ်အောက်တွင် နေရရုံသာမက ရွှေအပြည့်၊ ငွေအပြည့်နှင့် နေရသည် ။

ဟန့်အတွက် အရင်ကလို လစာငွေကို ခြစ်ခြုတ်သုံးပြီး ခွဲဝေပေးရတာမျိုးမရှိတော့။ မိဝေအတွက် နေစရာအိမ်ကောင်းကောင်း ငှားကာ အပြင်ထွက်အလုပ်လုပ်စားစရာ မလိုလောက်အောင် အပြည့်အဝ ထောက်ပံ့ပေးခဲ့သည် ။

ငယ်စဉ်က မကြာခဏဆိုသလို အလည်အပတ်သွားကာ သမီးလေးကို ကြည့်တတ်ပေမဲ့ ဦးကိုကို ချစ်ရဲ့ အမေက သူမအရိပ်အကဲကို တစ်ချိန်လုံး စောင့်ကြည့်အကဲခတ်နေတာမို့ အနေအထိုင်ကို ထိန်းချုပ် လိုက်ရသည် ။ ချစ်လွန်းပို ကိုယ်ဝန်ကိုလွယ်ခဲ့ရပြီးနောက်မှာ တော့ ငွေကလွဲပြီး လူကမသွားနိုင်တော့ချေ။

မိဝေကိုလည်း စိတ်ချတာကြောင့် စိမ့်စမ်းရေ အေးအေးဆေးဆေး နေခဲ့ခြင်း ဖြစ်၏။

ခုတော့ ဟန်က အကြောင်းစုံကို သိနေခဲ့ပြီတဲ့ ။

အမေ့အနားမှာ နေခွင့်ပြုပါတဲ့ လေ။ သမီးတစ်ယောက်အနေနဲ့ မဟုတ်ရင်တောင် သူစိမ်းတစ် ယောက်ကို ခေါ်ထားတဲ့ အနေနဲ့ နေပါ့မယ်တဲ့ ။ ဒါဘယ်လိုမှ မဖြစ်နိုင်တဲ့ အချက်ပဲ။

"ဟဲ့ … စိမ့်စမ်း"

"ဟင်"

အနောက်ဘက်ဆီမှ ခေါ်သံဆတ်ဆတ်ကြောင့် ဒေါ်စိမ့်စမ်း ခန္ဓာကိုယ်ကြီး ဆတ်ခနဲ ပြန်ထောင် မတ်သွား၏။

ဒါ ယောက္ခမကြီး ဒေါ်မာနချစ်လေ။

နာမည်နဲ့ လိုက်အောင်ပင် မာနတွေကို အသက်လောက်ချစ်ပြီး ဖက်တွယ်ထားတဲ့ အမျိုးသမီးကြီး။ ကြွယ်ဝချမ်းသာခြင်းမာန်ကြောင့်လည်း ယနေ့ချိန်ထိ ခေါင်းမော့ရင်ကော့နေတဲ့ သူ။

ခုတော့ တည့်တည့်တိုးချေပြီ။

"ဒါက ဘယ်သူတွေတုန်း၊ ဘယ်လောက်တောင် အရေးပါနေတဲ့ ဧည့်သည် မို့လို့ သီးသန့်ဧည့်ခန်း မှာ ညည်းကခေါ်တွေ့ရတာလဲ"

ဒေါ်မာနချစ် မေးချေပြီ။

"ဟို … ဟို ကျွန်မမိတ်ဆွေတွေပါမေမေ၊ ဟိုးငယ်ငယ်လေးကတည်းက အတူတူကြီးပြင်းလာတဲ့ ညီအစ်မတွေပါ၊ မိဝေကို ကျွန်မရဲ့ မိဘတွေက မွေးစားခဲ့တာလေ၊ ကျွန်မညီမပါပဲ မေမေ"

"သူတို့ က ဘာလာလုပ်ကြတာလဲ"

"ဟို … ဟို"

"ဘာလဲ … ငွေရေးကြေးရေး အကူအညီလာတောင်းတာလား၊ ဒါဆိုလည်း ညည်း ပြတ်ပြတ် သားသားငြင်းနော်၊ ကျုပ်သားက ချွေးနဲ့ သွေးနဲ့ ရင်းပြီးရှာရတာ၊ တွင်းထဲကနိုက်နေတယ်ထင်ပြီး ထောက်ပံ့ဖို့ စဉ်းစား မနေနဲ့ ဦး"

"ကျွန်မတို့ ငွေအတွက်လာတာမဟုတ်ပါဘူး အန်တီ"

ဆတ်ဆတ်ထိမခံတတ်တဲ့ မိဝေဆီက အသံထွက်လာ၏။

ဒေါ်မာနချစ် မျက်လုံးကြီးတွေကျုံ့ကာ မိဝေဆီ စူးစူးစိုက်စိုက် ကြည့်သည် ။

"ဒါဆို ညည်းက ဘာအတွက်လာတာလဲ"

"ဟန့်ကိုလာပို့တာ"

"ဘာ"

"မိဝေ"

ဒေါ်စိမ့်စမ်းရေ တားဆီးဖို့ ကြိုးစားလိုက်ပေမဲ့ နောက်ကျသွားချေပြီ။

"မမစိမ့်စမ်းက အလုပ်သမားလိုတယ်ဆိုလို့ လာပို့ပေးတာပါ"

"အလုပ်သမား ဟုတ်လား၊ ဩော် ဟုတ်သားပဲ ဟိုနေ့က စိန်စိန်ဆိုတဲ့ ကောင်မလေး အလုပ်ထွက် ပြီး ရွာပြန်သွားတာပဲ၊ ချစ်လွန်းလေးအတွက် အလုပ်သမားလိုနေတာကို"

"ဟို ... မေမေ ဒါပေမဲ့ ဒီကောင်မလေးပုံစံက ချစ်လွန်း သိပ်သဘောမကျလောက်ဘူးထင်လို့ ပြန်လွှတ်လိုက်မလားလို့ စဉ်းစားနေတာ"

"ဒါက ညည်းဆုံးဖြတ်ရမယ့်ကိစ္စ မဟုတ်ဘူး စိမ့်စမ်း၊ ပိုလေးကို ပြကြည့်ဦးလေ၊ ပိုလေး သဘောကျရင်ကျမှာ ပေါ့၊ ပြန်မလွှတ်နဲ့ ဦး၊ ခေါ်ထားလိုက်၊ ညနေကျူရှင်က ပိုလေးပြန်လာတော့ ပြကြည့်၊ မကြိုက်ရင် မနက်ဖြန်ပြန်လွှတ်လိုက်တော့လည်း ဘာဖြစ်တာမှတ်လို့ အေ၊ စိန်စိန် ထွက်သွားလို့ ပိုလေး ခိုင်းဖို့ အလုပ်သမားလိုနေတဲ့ ဟာကို ပြန်မလွှတ်နဲ့ ဦး"

အို။

အသံကလေး တိတ်ဆိတ်သွားရတဲ့ မေမေ။

ဒီတိုက်ကြီးထဲမှာ နေနေရတဲ့ မေမေ့အခြေအနေကို အခုလိုသိခွင့်ရလိုက်တာနှင့်ပင် ဟန် နားလည် သဘောပေါက်လိုက်ပါပြီ

မေမေရယ်။

ခေါင်းလေးငုံ့နေတဲ့ မေမေ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသူက ဟန်ရယ်ပါ။ ရွှေဘုံပေါ်မှာ စံစားနေရပေမဲ့ စိတ်မချမ်းသာရတဲ့ ဘဝပါလား ။ ပြောပိုင်ခွင့်မရှိ။ ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ဆွေးနွေးပိုင်ခွင့် မရှိ။

သမီးဖြစ်တဲ့ သူမဆီ မေမေတစ်ချက်သာလှမ်းကြည့်၏။

ဟန် ပြုံးပြလိုက်သည် ။

မေမေ စိတ်ပေ့ါပါးသွားအောင်ပါ။

ဟန် ဆုံးဖြတ်ပြီးပြီလေ။

မေမေရဲ့ အနားမှာ ဘယ်လိုပုံစံနဲ့ ပဲ နေရနေရ ဟန်နေတော့မယ်လို့ ။ အန်တီဝေကို တစ်ယောက် တည်းထားခဲ့ရတာတော့ စိတ်မကောင်းပါ။ ငယ်စဉ်ကလေးတည်းက ထိန်းကျောင်းကျွေးမွေး စောင့် ရှောက်လာခဲ့တဲ့ အန်တီဝေ။ ဟန့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ဟန်မသိဘဲနေပါ့မလား။

အန်တီဝေကို သနားမိပေမဲ့ ဟန် မတတ်နိုင်ပါ။

အခုအချိန်မှာ အန်တီဝေထက် ဟန့်အပေါ်မှာ တာဝန်ကျေအောင် ရှိသမျှမာနတွေ အောက်ဆုံးထိ ဆွဲချပြီး ကိုယ့်ကို တစ်စက်ကလေးမှ ကြည်ဖြူခြင်းမရှိတဲ့ မိသားစုထဲ ခက်ခက်ခဲခဲနေထိုင်ပေးခဲ့တဲ့ မေမေ့ရဲ့ စိတ်

ကို အတတ်နိုင်ဆုံး ဖြေသိမ့်ပေးဖို့ သာ ဟန် ဆန္ဒတွေပြင်းပြနေခဲ့ပြီလေ။

ဒီဆုံးဖြတ်ချက်ဟာ မှန်မှာ ပါ။

တရားမျှတမှုပါနော်။

***

# အခန်း(၂)

အလုပ်သမားသစ်တဲ့ ။

ဘွားဘွားမာက ခေါ်လာပြတဲ့ အလုပ်သမားအသစ်ကို စေ့စေ့ကြည့်ပြီး ချစ်လွန်းပိုစိတ်ထဲ တစ်မျိုး ကြီးဖြစ်သွားရသည် ။ အလုပ်သမားသာပြောတာ အဝတ်အစားတွေက သိပ်ပြီးနွမ်းလျမနေချေ။ အလယ် အလတ်တန်းစားလောက် ဝတ်စားထားသည် ။

ပြီးတော့ သူက သိပ်ကိုလှနေ၏။

တစိမ့်စိမ့်ထိုင်ငေးကြည့်ချင်စရာ ကောင်းလောက်အောင်ကို စွဲဆောင်မှုရှိနေတာပါ။ အသားအရေ က ပိုလေးလောက်ဖြူနုပြီး မနေပေမဲ့ အဝါဘက်သန်းနေတဲ့ သူ့အသားအရေက စိုပြီးဝင်းလက်နေ၏။ ပိုလေးထက်လည်း အသက်နှစ်နှစ်လောက် ပိုကြီးသည် တဲ့ ။ မထင်ရပါဘူး။ နုဖပ်ပြီး သူမနဲ့ ရွယ်တူ သာသာလောက်ရှိသည် ။

"ဘယ့်နှယ်လဲ ... ပိုလေး အဆင်ပြေပ့ါမလား၊ ပိုလေးမကြိုက်ဘူးဆိုရင်ပြောလေ ဘွားမာပြန်ခိုင်း လိုက်မယ်"

ဒေါ်မာနချစ်တစ်ယောက် မြေးမလေးဖြစ်တဲ့ ချစ်လွန်းပိုရဲ့ မျက်နှာချောချောလေးကို စိတ်ဝင် တစားကြည့်ကာ ပြောမိသည် ။ မြေးမဖြစ်သူကို မကြည်ဖြူပေမဲ့ တစ်ဦးတည်းသောသားကနေ ပေါက်ဖွား လာတဲ့ မြေးဦးကလေး ချစ်လွန်းပိုကိုတော့ အသည်းအသက်မကပင် ချစ်သည် ။

အလိုလိုက် အကြိုက်ဆောင်ထားခဲ့၏။ ဘယ်လိုဆိုးဆိုး၊ ဘယ်လောက်ပဲ ဂျစ်တိုက်တိုက် တစ်ချက် ကလေးမှ အပြစ်မမြင်ရက်။ ချစ်လွန်းပိုကလေးရဲ့ မျက်နှာလေး တစ်ချက်ညှိုးလျှနေလျှင်ပင် ကမ္ဘာကြီးပျက်နေပြီဟု ပင်ထင်ကာ သူမကလေး စိတ်ကျေနပ်ဖို့ အတွက်သာ ဖြည့်ဆည်းပေးဖို့ ပျာယာခတ်နေအောင် ပင် ကြိုးစားတော့သည် ။

"ဘွားမာ"

"ပြောလေ ... မြေး"

"အလုပ်ခန့်လိုက်"

"ဟေ"

"သူ့ကို အလုပ်ခန့်လိုက်လို့ ပြောတာ"

"အေး ... အေး မြေး၊ မြေးသဘောကျတယ်ဆိုရင် ဘွား ချက်ချင်းအလုပ်ခန့်လိုက်မယ်နော် ပိုလေး"

သဘောကျရင်တဲ့ ။

ဟင့်အင်း။ သဘောတော့မကျပါဘူး။

ဒါပေမဲ့ အလုပ်မခန့်နဲ့ လို့ လည်း သူမမပြောချင်။

ထိုအမျိုးသမီးကလေးရဲ့ မျက်နှာကို မြင်လိုက်ရတဲ့ အချိန်ပိုင်းလေးမှာ သူမစိတ်တွေ ဝေခွဲရခက် သော ခံစားမှုတစ်ခုက တိုးဝင်လာခဲ့သည် ။ ဘာရယ်ဆိုတာတော့ ပိုလေး မခွဲခြားတတ်။ သူ့ကို ထွက်သွား ခိုင်းဖို့ စိတ်ကူးလေးထဲမှာ တော့ ရှိမနေတာသေချာပါသည် ။

မပြတ်မသားနဲ့ ပဲ နောက်ဆုံးမှာ တော့ အလုပ်ခန့်ဖို့ ပိုလေးပြောလိုက်မိသည် ။ ပြောပြီးပြီးချင်းပဲ နေရာကနေ သူမအခန်းရှိရာ အပေါ်ထပ်

ဆီ တက်ခဲ့လိုက်၏။

"ဟဲ့ ... ဟန် ညည်းအလုပ်ရပြီ၊ ဒီနေ့ကစပြီး အလုပ်ဝင်တော့ပေါ့ အေ၊ ညည်းအဝတ်အစားတွေက ပြန်ယူရဦးမှာ မဟုတ်လား"

"ရပါတယ် ဘွားမာ၊ အန်တီဝေသွားယူ လာပြီး လာပို့ပေးပါလိမ့်မယ် "

"ဒါနဲ့ ညည်းနာမည်အပြည့်အစုံက"

"သိမ်မွေ့ဟန်ပါ"

"မိဘတွေကရော ရှိသေးလား၊ ဘယ်မှာ နေကြလဲ"

"အဖေမရှိတော့ပါဘူး၊ အမေကတော့ ရှိပါသေးတယ်၊ ဟန်က ရန်ကုန်မှာ အလုပ်လုပ်ပြီး ကျောင်း တက်နေတာပါ"

"ကျောင်းတက်တယ် ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

"ဘာကျောင်းတက်နေတာလဲ သိမ်မွေ့ဟန်"

"စီးပွားရေးတက္ကသိုလ်တက်နေတာပါ ဘွားမာ"

"မြတ်စွာဘုရား"

ဒေါ်မာနချစ်တစ်ယောက် မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရပြီ။ သိမ်မွေ့ဟန်ဆိုတဲ့ ကောင်မလေး က ရုပ်ရည်တင်မကဘဲ ပညာအရည်အချင်းကပါ မနိမ့်ကျတဲ့ ကောင်မလေးတစ်ယောက်ပါလား ။ ဒီလို ကောင်မလေးက သူများ အိမ်မှာ အိမ်အကူလုပ်ဖို့ လာတာဆိုတော့။

"ဟန် အရင်က အသိမိတ်ဆွေတစ်ယောက်ရဲ့ အိမ်မှာ ကပ်နေတာပါ၊

အလုပ်ကတော့ ရသမျှလုပ် ပြီး ငွေစုပြီးကျောင်းတက်ခဲ့ပါတယ် ဘွားမာ၊ ဒါပေမဲ့ အခုတော့ အဲဒီအိမ်မှာ နေခွင့်မရတော့တဲ့ အခြေအနေ ရောက်လာလို့ အန်တီဝေဆီ အကူအညီတောင်းခဲ့တာပါ၊ ဘာပဲပြောပြော အေးအေးချမ်းချမ်း မှီခိုခွင့်ရပြီး လစာငွေကလည်း ရဦးမှာ ဆိုတော့ အခုအလုပ်ကိုရဖို့ ဟန် တစ်ချိန်လုံး ဆုတောင်းနေခဲ့တာပါ၊ အခုလို အလုပ်ရသွားတော့ ဟန့်အတွက် အရမ်းကို အဆင်ပြေသွားပါပြီ၊ စိတ်ချပါ ဘွားမာ၊ ဟန် အလုပ်ကို ကြိုးကြိုးစားစားလုပ်မှာ ပါ၊ ဘွားမာတို့ စိတ်မပျက်စေရပါဘူး ဟန် ကတိပေးပါတယ်"

"အေးပါအေ ... ဒီလိုဖြစ်ရင်တော့ ပိုကောင်းတာပေါ့၊ ညည်းခေါင်းထဲမှာ ထည့်ထားဖို့ က ညည်း ဘာကြီးပဲဖြစ်နေနေ ညည်းယူထားတဲ့ တာဝန်နဲ့ ဝတ္တရားကိုပဲ ကျေအောင်လုပ်ပါ၊ ပိုလေး စိတ်မပျက်သွား ရဖို့က ပိုပြီးအဓိကကျတာပေါ့အေ၊ နေစရာလည်း ပေးထားတယ်၊ စားစရာလည်း ကျွေးထားတယ်၊ လစာ ကလည်း ပေးထားတာဆိုတော့ ကျုပ်တို့ဘက်က တာဝန်ကျေတာပဲ၊ ညည်းဘက်ကလည်း ပြန်ပေးဆပ် တာ တာဝန်ကျေပေါ့အေ၊ ပိုလေးက အလုပ်ခန့်ပြီးပြီဆိုတော့ ညည်းကိုလည်း ပြန်မလွှတ်ချင်တော့ဘူး"

နေချင်ပါတယ် ဘွားမာ။

အမေက မွေးတာဆိုတော့လည်း ချစ်လွန်းပိုဟာ ဟန့်ညီမလေးပဲပေါ့။ ဟန့်ရဲ့ သွေးအရင်းအချာ တွေရှိနေတဲ့ ပတ်ဝန်းကျင်လေးမှာ ဟန် ရှင်သန်ခွင့်ရတာလေးနဲ့ ပဲ ဟန့်အရမ်းကို ကျေနပ်ဝမ်းမြောက်နေ မိပါပြီရှင်။

"သိမ်မွေ့ဟန်"

"ရှင်"

"ညည်းရဲ့ ပညာရေးကရော ဘယ်လိုလုပ်မှာ လဲ"

"အခုတော့ ကျောင်းပိတ်ထားလို့ အဆင်ပြေနေပေမဲ့ ပြန်ဖွင့်ရင်တော့ ဆက်တက်ချင်ပါတယ်၊ အဝေးသင်ဘက်ပြောင်းပြီး တက်ချင်တက်ရပေါ့"

"ဒါဆို ညည်းအရင်က day တက်နေတာလား"

"ဟုတ်ကဲ့"

"ညည်းရဲ့ စရိတ်ကို ဘယ်သူကထောက်ပံ့နေလို့ လဲ သိမ်မွေ့ဟန်၊ နေ့စဉ်ကျောင်းတက်နေတဲ့ စရိတ်က နည်းတာမှ မဟုတ်တာ"

"အမေထောက်ပံ့တာပါ ဘွားမာ၊ ဟန်အတွက် မပူမပင်ဘဲ ပညာသင်နိုင်ဖို့ အမေက ထောက်ပံ့ခဲ့ တာပါ၊ ဒါပေမဲ့ အမေဟာ ဘယ်လောက်တောင် စိတ်တွေပင်ပန်းမွန်းကျပ်ခဲ့ရလိမ့်မလဲဆိုတာ ဟန် မတွေး ခဲ့မိဘူးလေ၊ ဟန့်အတွက် အမေ့ရင်မှာ ဘယ်လောက်တောင် ဝန်ထုပ်ဝန်ပိုးဖြစ်နေလိမ့်မလဲဆိုတာ ဟန်မသိ ခဲ့ပါဘူး၊ ခုတော့ ဟန် စာနာတတ်လာပါပြီ၊ ဒါကြောင့်လည်း ဟန် အမေ့ကို ဒုက္ခမပေးချင်တော့လို့ အခုလို ဆုံးဖြတ်ချက်ချလိုက်တာပါ"

"ညည်းအမေက နယ်မှာ လား"

"ရှင်"

"ညည်းအမေက အခုဘယ်မှာ နေတာလဲလို့ မေးတာ သိမ်မွေ့ဟန်"

ဒီတိုက်ကြီးထဲမှာ လေ ဘွားမာလို့ ဟန် မဖြေရက်ပါ။ ဟန့်ကြောင့် မေမေပါ ဒုက္ခနွံ့ထဲနစ်ရမည်ကို ဟန် ဘယ်လိုမှ မလိုလား။ ဘာပဲပြောပြော ကုမ္ပဏီပိုင်ရှင် ဦးကိုကိုချစ်ရဲ့ ဇနီးမယားတစ်ယောက်အနေနှင့် မေမေ့ဘဝက လူပုံအလယ်မှာ ပွဲလယ်တင့်နေသည် ။

သိပ်လှတဲ့ မေမေ။

အသက်လေးဆယ်ကျော်တာတောင် ခန္ဓာကိုယ် တောင့်တင်းကာ နုဖပ်ဖူးနုနေတုန်းပဲ။ သမီးတွေ နှင့်ပင် အပြိုင်ဖြစ်နေတဲ့ မေမေပါ။ မေမေ့ကိုကြည့်ရတာ အရမ်းကို စိတ်ချမ်းသာစရာကောင်းတာပဲ။ အခြေအနေတွေ တည်ငြိမ်အေးဆေးနေတဲ့ မေမေ့အနာဂတ်ကို ဟန် မဖျက်ဆီးရက်ပါဘူးလေ။

"ဟဲ့ ... ဟန်"

"ဩော် ... ဘွားမာ၊ ဟို ... ဟိုလေ မေမေက ပုသိမ်မှာ နေတာပါ"

ပါးစပ်ထဲတွေ့ကရာ မြို့တစ်ခုကို ပြောချလိုက်ရ၏။

"အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ် မိဘအပေါ် စာနာစိတ်ပြန်ထားတတ်တာတော့ ကောင်းပါတယ်၊ ညည်းရဲ့ ပညာရေးအတွက်တော့ ကျုပ်တို့နောက်မှ စဉ်းစားပေးမယ်အေ၊ အရေးကြီးတာက ပိုလေး အငြိုငြင်မခံရအောင်တော့ ညည်း အတတ်နိုင်ဆုံး ကြိုးစားပြီးလုပ်ကိုင်ပေးပါ"

"ဟုတ်ကဲ့ပါ ဘွားမာ"

"အေး ... အေး သွား သွား၊ ပိုလေးကျူရှင်က မောပြီးပြန်လာတာ ဘာလုပ်ပေးရမလဲ သွားမေး တော့"

"ဟုတ်ကဲ့ ဘွားမာ"

အပြုံးလေးတွေနှင့်ပင် ဘွားမာရှေ့ကနေ ထွက်လာကာ ချစ်လွန်းပိုအခန်းဆီသို့ တက်ခဲ့လိုက်၏။ ပျော်နေမိသည် ။ ညီမလေး။ ဟန့်ညီမလေး ချစ်လွန်းပို သိပ်လှတာပဲ။ သိပ်ပြီးချစ်စရာကောင်းတာပဲ။ အသားလေးက ဖြူနုကာ ပန်းနုရောင်လေးပင် သန်းနေသည် ။

မျက်နှာလေးက လှသလောက် မာနတွေနဲ့ တင်းနေတဲ့ ချစ်လွန်းပိုပါ ။ ဝတ်တာစားတာက ခေတ်ရှေ့တစ်လံလောက် ပြေးနေ၏။ စကားပြော ဆိုပုံက ဆောင့်ကြွားကြွား။ သူဌေးသမီးဆိုတဲ့ အရှိန် လေးနဲ့ ဘာကိုမှ အ ရေးမစိုက်တဲ့ ပုံစံလေး ရှိနေသည် ။

ဘာပဲပြောပြော ဟန်အတွက်တော့ ဒီကနေ့လေးဟာ ဘဝတစ်သက် တာမှာ ကံအကောင်းဆုံး နေ့ကလေးတစ်နေ့ပါပဲ။ စိတ်ထဲမှာ အမိအဘ မရှိ ဆွေမျိုးဆိုတာ ဘယ်ဆီနေမှန်းမသိတဲ့ ဘဝကနေ အမေ ဆိုတာရော ညီမဆိုတာရော ရှာတွေ့ခဲ့သည် ။ ဘယ်လောက်စိတ်လှုပ်ရှားစရာ ကောင်းလိုက်သလဲ။

"ဒေါက် ... ဒေါက်"

အခန်းတံခါးလေးကို ဖွဖွခေါက်လိုက်၏။

"ဝင်ခဲ့"

အသံက မာဆတ်ဆတ်။

သို့သော် ညီမလေးဆိုသည့် အသိစိတ်နှင့် ဟန်နှားထဲ စိမ့်စမ်းရေ လေး စီးဆင်းသံလိုလို ခံစားရပါ သည် ။

"အခန်းကိုရှင်းထားတာလား ဟန်"

ခေါ်တာက ဟန်တဲ့ ။

အင်းလေ ညီမလေးက ဘာမှ မသိတာ။

ပြီးတော့ ဒီကနေ့မှ စတွေ့ကြတဲ့ သူတွေဆိုတော့ စိမ်းနေဦးမှာ ပေါ့။

"မေးနေတယ်လေ ... ဘာဖြစ်လို့ ချက်ချင်းပြန်မဖြေတာလဲ၊ ပြော ထားရဦးမယ်နော် ပိုလေးက စိတ်မြန်လူမြန်နေတတ်တဲ့ အကျင့်ရှိတယ်၊

မေးရင် ချက်ချင်းပြန်ဖြေပါ၊ ပိုလေးရှေ့မှာ အူတူတူပုံစံလုပ်တာ မျိုး၊ တွေဝေငေးငိုင်နေသလိုရှိနေတာမျိုး ဆိုရင်တော့ လုံးဝသည်းမခံနိုင်ဘူး၊ ချက်ချင်း အလုပ်ကနေ ထုတ်ပစ်မှာ ၊ သွက်သွက်လက်လက်နေပါ၊ ခိုင်းတဲ့ အတိုင်းပဲလုပ်ပါ၊ ကိုယ်နဲ့ မဆိုင်တာဆိုရင် ဝင်ပါဖို့ မစဉ်း စားနဲ့ ကြားလားဟန်"

"ဩော် ... အင်း ပိုလေး"

"ဘာအင်းလဲ၊ ဟုတ်ကဲ့လို့ ဖြေလေ"

"ဟုတ် ... ဟုတ်ကဲ့ ပိုလေး"

"အခန်းရှင်းထားတာမဆိုးပါဘူး၊ စည်းစနစ်ရှိသားပဲ"

ဒါသူမကို ချီးကျူးလိုက်တာလား။

ဘာပဲပြောပြော ညီမလေးက ကျေနပ်တယ်ဆို ဟန် ကျေနပ်သည် လေ။

"ဟန်"

"ပြောလေ ... ပိုလေး၊ ဟန့်ကို ဘာခိုင်းချင်လို့ လဲ"

"သံပရာရည်သွားဖျော်ပေး၊ သိပ်မချဉ်စေနဲ့ နော်၊ ခေါင်းနည်းနည်း နောက်နေလို့ သောက်ချင် တယ်"

"ကောင်းပြီ ပိုလေး"

ခေါင်းလေးညိတ်ကာ ဟန် ကပျာကယာ အခန်းလေးထဲကနေ ထွက် လာခဲ့လိုက်သည် ။

တိုက်ထဲပြန်ဝင်လာကတည်းက ဟန် သတိတော့ထားမိသည် ။ ပိုလေးရဲ့ မျက်နှာလေးက ညှိုးပြီး တစ်မျိုးလေးဖြစ်နေပါတယ်လို့ ။ ခေါင်း

မကြည်လို့ မျက်နှာလေးနွမ်းလျနေတာကို သွေးသားဆိုတဲ့ အသိနဲ့ ဟန် စိတ်တွေပူပန်နေတတ်ခဲ့ပြီ။

သံပရာရည်တစ်ခွက်ဖျော်ပြီး အပေါ်ထပ်ပြန်တက်ခဲ့လိုက်၏။ အသာ စေ့ပိတ်ထားသော အခန်း တံခါးလေးကို ဖွင့်ကာဝင်ခဲ့လိုက်သည် ။

"ပိုလေး"

အိပ်ရာထက်မှာ လှဲနေတဲ့ ပိုလေး ထထိုင်၏။

"ပေး ... ဟန်"

သူမလက်ထဲမှ သံပရာရည်ခွက်ကို လှမ်းယူကာ ချစ်လွန်းပိုက မော့ သောက်နေ၏။ တစ်ခွက်လုံး ကုန်အောင် မော့သောက်ပြီးတော့မှ ဖန်ခွ က်ကိုပြန်ပေး၏။

"ပိုလေး"

"ဟင်"

"ဟန် နှိပ်ပေးရမလား"

"ဟင်"

"ခေါင်းကိုက်နေတယ်ဆို၊ ဟန်လည်း အဲဒီလိုပါပဲ၊ ကျူရှင်တွေသွား စာတွေသင်ပြီးပြန်လာရင် ခေါင်းထဲနောက်ကျိကျိဖြစ်နေတတ်တာလေ၊ ဒါကြောင့် မေးတာပါ"

"နှိပ်တတ်လို့ လား"

"စမ်းကြည့်လေ ... အသုံးတည့်မှာ ပါ၊ ဟန်က လက်ပေါက်ပါတယ်"

"ဒါဆို လာလေ"

ပိုလေးက အိပ်ရာထဲပြန်လှဲချကာ သူမကိုခေါ်၏။

ဟန်အနားတိုးကပ်သွားပြီး မွေ့ရာလေးထက် တင်ပါးလွှဲလေးထိုင်ကာ ပိုလေးရဲ့ နားထင်လေး နှစ်ဖက်ကို စနှိပ်ပေးလိုက်သည် ။ နဖူးကြောလေးတွေ မျက်လုံးကြောလေးတွေကို လက်မလေးတွေနှင့် နှိပ်တော့ ပိုလေးရဲ့ မျက်လုံးတွေ မှေးစင်းကာပိတ်သွား၏။

ကောင်မလေး အကြိုက်တွေ့သွားပြီလေ။

ဟန်က အချက်သိတာပေါ့။

အန်တီဝေ ဇက်ကြောတွေ အရမ်းတက်ပြီး ခေါင်းတွေထိုးကိုက်နေပြီဆိုတာနှင့် ဟန်က စိတ်ရှည်လက်ရှည် နှိပ်ပေးနေကျပဲဟာ။ ပိုလေးကိုလည်း သူမ စေတနာသန့်သန့်လေးနှင့် ပြုစုနေမိသည် ။

ဟန်ကပဲ နှိပ်တတ်လို့ လား၊ ပိုလေးကပဲ ဖိမ်ယူတတ်လို့ လားမသိ ခွခေါင်းအုံးလေးခွကာ တစ်ဖက် သို့ စောင်းအိပ်သွား၏။ ဒီတော့ အနောက်ဘက်ကနေ ဇက်ကြောလေးတွေ ပခုံးကြောလေးတွေ ဆက်နှိပ် ပေးလိုက်သည် ။

သိပ်မကြာပါ။ ပိုလေးထံမှ အသက်ရှူသံ မှျင်းမှျင်းလေးထွက်ကာ အိပ်မောကျသွားလေတော့ သည် ။

ဒီတော့မှ နှိပ်နေတာလေးကို ရပ်လိုက်ပြီး မွေ့ရာလေးထက်က ညင်သာစွာထရပ်လိုက်၏။ ချစ်လွန်းပိုမျက်နှာလေးကို တစိမ့်စိမ့်လေးငေးကာ နှုတ်ဖျားကနေ တိုးညင်းညင်းလေး ခေါ်လိုက်မိသည် ။

ညီမလေး။

***